# ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကရင်နီပြည်နယ်ရှိ အမျိုးသမီးများ၏ အသံ၊ ရှုထောင့်မှ မူဝါဒအကြံပြုချက်စာတမ်း

ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)
၂၀၁၆ခုနှစ်စက်တင်ဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၃ |
| | ကရင်နီပြည်နယ်ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကျား - မရေးရာအကြံပြုချက်များ စုဆောင်းရေးဖြစ်စဉ် | ၄ |
| ၁။ | နိုင်ငံရေးဆိုင်ရာကိစ္စရပ်များအတွက် ကျား - မ တန်းတူညီမျှရေးရှုထောင့်မှအကြံပြုချက် | ၅ |
| ၂။ | စီးပွားရေးဆိုင်ရာကိစ္စရပ်များအတွက် ကျား - မ တန်းတူညီမျှရေးရှုထောင့်မှအကြံပြုချက် | ၁၀ |
| ၃။ | လူမှုရေးမှုဆိုင်ရာကိစ္စရပ်များအတွက ကျား - မ တန်းတူညီမျှရေးရှုထောင့်မှအကြံပြုချက် | ၁၄ |
| ၄။ | လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ကျား - မ တန်းတူညီမျှရေးရှုထောင့်မှအကြံပြုချက် | ၁၈ |
| ၅။ | မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအတွက် ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှအကြံပြုချက် | ၂၁ |

## နိဒါန်း

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC) မှ ဆွေးနွေးညှိနှိုင်းမှုဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ပါ သဘောတူညီချက်နှင့်အညီ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) ကို ရေးဆွဲနိုင်ခဲ့ကြပါသည်။

၎င်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ရာစုပင်လုံပထမအစည်းအဝေးအပြီးတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်ကျင်းပနိုင်ရန် ပြင်ဆင်မှုများကို ပြုလုပ်နေကြပါသည်။

ကရင်နီအမျိုးသမီးအစည်းအရုံး (Karenni National Women’s Organization)မှလည်း အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှုများတွင် ဆွေးနွေးသည့် ကဏ္ဍများတွင် ကရင်နီဒေသတွင်းရှိ အမျိုးသမီးများ၏ အသံများရှုထောင့်များ ပါဝင်ခြင်းဖြင့် ပိုမိုပြည့်စုံသော၊ တရားမျှတသော တန်းတူညီမျှမှုရှိသော နိုင်ငံရေး ဆွေးနွေးမှုရလဒ်များ ဖြစ်ပေါ်လာနိုင်စေရန် ရည်ရွယ်ကာ ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

## ကရင်နီဒေသ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အတွက် ကျား - မရေးရာ အကြံပြုချက်များ စုဆောင်းရေးဖြစ်စဉ်

ကရင်နီအမျိုးသမီးအစည်းအရုံး (Karenni National Women's Organization) မှ ကရင်နီပြည်နယ်ရှိ အမျိုးသမီးများသည် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပိုမိုပါဝင်လာစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၁၆ခုနှစ်၊ ဩဂုတ်လမှစတင်ကာ မိမိတို့အဖွဲ့အတွင်းရှိ ဝန်ထမ်းများမှ မိတ်ဖက်အဖွဲ့အစည်း ကရင်နီပြည်နယ်ရှိ လူထုများကို အသိပညာပေးခြင်း လုပ်ငန်းများ ပြုလုပ်ခဲ့ပါသည်။



ထို့နောက် ၂၀၁၆ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလဆန်းအထိ ကရင်နီပြည်နယ်အတွင်းရှိ (၇) မြို့နယ်ရှိရွာ ( ၄၉ )ရွာ[1]မှအမျိုးသား ( ၆၄၅ ) ဦး၊ အမျိုးသမီး ( ၁၁၁၅ )ဦး၊ စုစုပေါင်း ( ၁၇၆၀ ) ဦး တို့နှင့် ကရင်နီပြည်နယ် အတွင်းရှိ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုအခြေအနေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အခြေအနေများ၊ ရိုးရာဓလေ့ထုံးစံနှင့် ကျား - မရေးရာ တန်းတူညီမျှမှု

[1]အသေးစိတ်ကိုနောက်ဆက်တွဲစာမျက်နှာ (က) ရပ်ရွာလူထုဆွေးနွေးပွဲပြုလုပ်သည့်ရွာအမည်စာရင်းတွင်ကြည့်ပါရန်။

ကိစ္စရပ်များနှင့် ထိုကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် ရပ်ရွာလူထုတို့၏ အကြံပြုချက်များ ရယူခြင်း ဆွေးနွေးပွဲများ ပြုလုပ်ကာ ကျေးရွာလူထု၏ အသံကို စုစည်းခဲ့ပါသည်။

ထိုကဲ့သို့ စုစည်းကောက်ခံခဲ့သော ကျေးရွာလူထု၏ အသံများကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက် မှ (၂၁) ရက်နေ့တွင် ပြုလုပ်သော ကရင်နီပြည်နယ် အမျိုးသမီးများ၏ အသံညီလာခံတွင် ပြန်လည်တင်ပြကာ အတည်ပြုခြင်း ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ညီလာခံတက်ရောက်လာသူများနှင့် အဖွဲ့ငယ်များခွဲကာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ပါရှိသော ကဏ္ဍ(၅)ခု ဖြစ်သည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များကို ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ ဆွေးနွေးကြပါသည်။ ထိုနောက် ဆွေးနွေးပွဲ ရလဒ်များအပေါ် အခြေခံကာ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ NGO/CBOများနှင့် အလှူရှင်အစုအဖွဲ့အသီးသီးအတွက် အကြံပြုချက်များကို ထပ်မံ ဆွေးနွေးကြပါသည်။

ကရင်နီပြည်နယ် အမျိုးသမီးများ၏ အသံညီလာခံသို့ ကရင်နီပြည်နယ်ရှိ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့၊ အရပ်ဖက် လူ့ဖက် အဖွဲ့အစည်းနှင့် NGO/INGOများ၊ ကရင်နီပြည်နယ် မြို့နယ် (၇) မြို့နယ်ရှိ ရွာ (၅၇) ရွာမှ ကိုယ်စားလှယ် စုစုပေါင်း (၄၄၀) ဦး အမျိုးသား (၁၆၉) ဦးနှင့် အမျိုးသမီး (၂၇၁) ဦးတို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

## (၁) ကရင်နီပြည်နယ် ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ အကြံပြုချက်

### (၁.၁) နိုင်ငံရေးနှင့်ပတ်သက်ပြီး ကရင်နီပြည်နယ်မှ အမျိုးသမီးများ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ

ကရင်နီပြည်နယ်ရှိ အမျိုးသမီးများသည် နိုင်ငံရေးဗဟုသုတ အားနည်းနေသည်ကို တွေ့ရှိရသည့်အပြင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်ရန်အတွက် အသိအမြင်ဖွင့်ပညာပေးမှုများ နည်းပါးနေသည်ကို တွေ့ရှိရသည်။ မိသားစုများ၊ မိဘများနှင့် ရပ်ရွာအသိုင်းအဝိုင်းမှ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုကို အားပေးခြင်းမှာ နည်းပါးနေပါသည်။ ၎င်းအပြင် ဘာသာရေး ထုံးတမ်းအရ သော်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုအရ သော်လည်းကောင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှုကို လက်မခံနိုင်သော သဘောထားများသည်လည်း အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုအတွက် အဟန့်အတား ဖြစ်စေသည်။ အမျိုးသမီးများကို ပံ့ပိုးပေးသော အတွေးအခေါ်များ၊ စနစ်များသည် လူမှုရေးနယ်ပယ်တွင် သာမက အများပြည်သူနှင့်ဆိုင်သော နယ်ပယ်များနှင့် နိုင်ငံတော်အဆင့် ယန္တယားများတွင် လွန်စွာ အားနည်းနေပါသောကြောင့် အမျိုးသမီးများ နိုင်ငံရေးကဏ္ဍတွင် ပါဝင်မှုနည်းပါးကာ ဆုံးဖြတ်ချက်ချသည့် အဆင့်တွင် မရှိသလောက် နည်းပါးနေပါသည်။

သို့ဖြစ်ပါ၍ ကရင်နီပြည်နယ်အတွက် နိုင်ငံရေးဆိုင်ရာ မူဝါဒများ ရေးဆွဲ ချမှတ်ရာတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရေးဆွဲခြင်းဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အထောက်အကူပြုသည့် တန်းတူညီမျှမှုရှိသည့် နိုင်ငံရေး မူဝါဒများ ရေးဆွဲချမှတ်နိုင်မည် ဖြစ်ပါသည်။

### (၁.၂) သက်ဆိုင်ရာ အစုအဖွဲ့များအတွက် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကရင်နီအမျိုးသမီးများ၏ အကြံပြုချက်များ

#### *(၁.၂.၁) နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရအစုအဖွဲ့သို့ အကြံပြုချက်*

- ပြည်သူလူထုကို အခြေခံသော၊ အမျိုးသမီးများ၏ အသံကို လေးစားသော အနေဖြင့် အောက်ခြေမှ အထက်သို့ တက်သော ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်မှုကို အားပေးသည့် နိုင်ငံရေး မူဝါဒကို ရေးဆွဲကျင့်သုံး ရမည်။
- အစိုးရ အဖွဲ့အစည်းများ ဖွဲ့ရာတွင် အဆင့်တိုင်းတွင် ( ကျေးရွာ၊မြို့နယ်၊ ခရိုင်အဆင့်ဆင့်တွင် ) အရည်အချင်း ပြည့်မီသော၊ ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးလိုသည့် ဆန္ဒရှိသော

စစ်မှန်သော ကိုယ်စားလှယ်များကို (အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိပဲ) ရွေးချယ်ထည့်သွင်းနိုင်သော စနစ်ထားရှိ ရမည်။

- အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကျင်းပပြုလုပ်ရာတွင် လူမျိုးအလိုက်၊ ဒေသအလိုက်၊ ကဏ္ဍအလိုက် (အကြောင်းအရာအလိုက်) ဆွေးနွေးပွဲများတွင် အမျိုးသမီးများ အနည်းဆုံး ၃၀% ပါဝင်နိုင်ရေး မူဝါဒကို ရေးဆွဲပြဌာန်း ရမည်။
- တရားမျှတ၍ ပွင့်လင်းမြင်သာသော ကျား-မ ခွဲခြားမှုကင်းသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် လုပ်ဆောင် ရမည်။
- ပြည်နယ်ကိုယ်စား၊ ပြည်ထောင်စုအဆင့် နိုင်ငံရေး ဆွေးနွေးပွဲညီလာခံသို့ တက်ရောက်ဆွေးနွေးရာတွင် ပြည်နယ်အတွင်း ကိုယ်စားပြု ပါဝင်ခွင့်မရနိုင်သည့် မျိုးနွယ်စုများ၊ နိုင်ငံရေးပါတီများ၏ သဘောထားများ၊ အကြံဉာဏ်များ၊ တောင်းဆိုချက်များကို ပါဝင်ထည့်သွင်းဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။
- အမျိုးသမီးများ ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်များတွင် အုပ်ချုပ်ရေးမှူး တာဝန်များကို ကျား - မ ခွဲခြားမှု မရှိပဲ ထမ်းဆောင်နိုင်ရန်အတွက် အစိုးရမှ မူဝါဒ ချမှတ်သည့်အပြင် အားပေး ပံ့ပိုးသည့် လုပ်ဆောင်မှုများ ထည့်သွင်းဆောင်ရွက်ရမည်။
- လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာ ပညာပေးများကို ကျောင်းပညာရေးတွင် သင်ရိုးညွှန်းတမ်းများဆွဲကာ ပြဌာန်းသင်ကြားပေး ရမည်။

### *(၁.၂.၂) နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော်အစုအဖွဲ့သို့ အကြံပြုချက်*

- ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူလူထုများလက်ခံနိုင်သည့် တရားမျှတမှုရှိသည့် အခြေခံဥပဒေ ဖြစ်ရန်အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရန် ကရင်နီပြည်နယ် အမျိုးသမီးထု၏ တောင်းဆိုသံအား တပ်မတော်မှ အလေးထား စဉ်းစားပေးရမည်။
- တပ်မတော်မှ ငြိမ်းချမ်းရေးအတွက် မဟာဗျူဟာ ရေးဆွဲရာတွင် ပြည်သူလူထုကို ထိခိုက်မှု မရှိစေဘဲ ပြည်သူလူထုကို အကာအကွယ်ပေးသော မဟာဗျူဟာ ရေးဆွဲပေးရမည်။
- အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရာတွင် စစ်ဖက်ဆိုင်ရာအရာရှိများ၊ စစ်ဆရာဝန်နှင့် သူနာပြုများ၊ နည်းပညာရှင်များကို ရွေးချယ်ခန့်အပ်သည့်အခါတွင် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးများကို လူမျိုး၊ ဘာသာ ခွဲခြားခြင်း မရှိပဲ ရွေးချယ် ခန့်အပ်သွားရမည်။

- မလိုလားအပ်သော နိုင်ငံရေး ရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရန်နှင့် ပြည်သူလူထုများ ထိတ်လန့်မှု မဖြစ်ပေါ်စေရန် နစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် သတ်မှတ်ထားသော နေရာတွင်သာ သွားလာလုပ်ရှားရန် မူဝါဒ တင်းကျပ်စွာ ချမှတ်ပြီး လေးစားလိုက်နာရမည်။

### *(၁.၂.၃) နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့သို့ အကြံပြုချက်*

- နိုင်ငံရေး ဆွေးနွေးပွဲများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များ ရွေးချယ်ရာ တွင် အနည်းဆုံး အမျိုးသမီး ၃၀% ပါဝင်စေ ရမည်။
- မလိုလားအပ်သော နိုင်ငံရေး ရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရန်နှင့် ပြည်သူလူထုများ ထိတ်လန့်မှု မဖြစ်ပေါ်စေရန် နစ်ဖက်သော လက်နက်ကိုင် အဖွဲ့အစည်းများသည် သတ်မှတ်ထားသော နေရာတွင်သာ သွားလာ လှုပ်ရှားရန် မူဝါဒ တင်းကျပ်စွာ ချမှတ်ပြီး လေးစားလိုက်နာ ရမည်။

### *(၁.၂.၄) နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး လွှတ်တော်အစုအဖွဲ့သို့ အကြံပြုချက်*

- အမျိုးသမီးများ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပိုမို ပါဝင်လာနိုင်စေရေးအတွက် အမျိုးသမီးများ၏ ပါဝင်မှုကို တွန်းအားပေးသည့် ကိုတာစနစ်မူဝါဒကို လွှတ်တော်မှ ဥပဒေရေးဆွဲ ပြဋ္ဌာန်း ရမည်။
- လွှတ်တော် အတွင်းတွင်ရှိနေသော အမျိုးသမီး လွှတ်တော်အမတ်များအချင်းချင်း လေ့လာ သင်ယူနိုင်ရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် နယ်ပယ်စုံရှိ အမျိုးသမီးများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီး အသံဖလှယ်နိုင်သည့် နိုင်ငံတော်အဆင့် ယန္တယား တည်ဆောက် နိုင်ရန် လွှတ်တော်မှ တောင်းဆိုတင်ပြ ရမည်။
- မည်သည့် မူဝါဒများ ရေးဆွဲသည်မဆို အမျိုးသမီးများ၏ အခွင့်အရေး ရှုထောင့်မှ ရေးဆွဲ ရမည်။
- အမျိုးသမီးများ နိုင်ငံ၏ အုပ်ချုပ်ရေး ယန္တယားတွင် ပိုမို ပါဝင်လာနိုင်စေရေးအတွက် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးများ အဆင့်ဆင့် လက်တွဲခေါ်ယူနိုင်မှုကို အားပေးသည့် မူဝါဒများကို ချမှတ်ရေးဆွဲ ရမည်။
- ဆယ်အိမ်မှူး၊ ရာအိမ်မှူး အထိ အစိုးရမှ ထောက်ပံ့သည့် စနစ်ဖြစ်ပေါ်လာနိုင်စေရေး မူဝါဒကို ချမှတ်ပေးရန်။ (အဘယ်ကြောင့်ဆိုသော် ရာအိမ်မှူးများကို ကျေးရွာမှ ထောက်ပံ့ရသည့် စနစ်ကို ကျင့်သုံးသဖြင့် အချို့သော ကရင်နီပြည်နယ်ရှိ ပြည်သူများသည် ရှေးရိုးစွဲ အယူအဆများရှိနေပါ သောကြောင့် အမျိုးသမီး ရာအိမ်မှူးကို ထောက်ပံ့လိုခြင်း မရှိပါ။ ထို့ကြောင့် အမျိုးသမီးများ

အုပ်ချုပ်ရေး ကဏ္ဍတွင် ပါဝင်နိုင်မှု ပိုမို အားနည်းသွားစေသောကြောင့် နိုင်ငံတော်၏ ပံ့ပိုးမှုကို တောင်းခံရခြင်း ဖြစ်ပါသည်။)

### (၁.၂.၅) နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီအစုအဖွဲ့သို့ အကြံပြုချက်

- နိုင်ငံရေးပါတီများအတွင်းတွင် အမျိုးသမီးများ ပါဝင်ခွင့်ကို မြှင့်တင်ရေးအတွက် ကျား - မ ရေးရာ မူဝါဒ ချမှတ်ပြီး အလေးပေး ဆောင်ရွက် ရမည်။
- နိုင်ငံရေးပါတီများမှ ဒေသတွင်းရှိ အမျိုးသမီးအရေးကိစ္စများကို ၄င်းတို့၏ လွှတ်တော် ကိုယ်စားလှယ်များ မှတဆင့် လွှတ်တော်တွင် တင်ပြနိုင်အောင် မူဝါဒ ချမှတ်ဆောင်ရွက် ရမည်။
- နိုင်ငံရေးပါတီများ ပူးပေါင်းကာ ပြည်သူလူထု အမြင်ပွင့်လာစေရန်အတွက် အခြေခံဒီမိုကရေစီ ၊ ဖက်ဒရယ် သဘောတရားများ၊ နိုင်ငံရေး အခြေခံ သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်ထည်ဖော် လုပ်ဆောင်နိုင်ရန် တွန်းအားပေး ဆောင်ရွက် ရမည်။
- ကရင်နီပြည်နယ်အတွင်းရှိ အမျိုးသမီးများ နိုင်ငံရေးဗဟုသုတ အားကောင်းလာစေရန်အတွက် နိုင်ငံရေး ပါတီများကိုယ်တိုင် အမျိုးသမီးစွမ်းရည်မြှင့်သင်တန်းများ အကောင်ထည်ဖော် ဆောင်ရွက် ရမည်။
- ၂၁ရာစု ပင်လုံညီလာခံတွင် တရားဝင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ တက်ရောက် ခွင့်ရရန် လက်ရှိ တက်ရောက်ခွင့်ရသော ပါတီကိုယ်စားလှယ်များ မှတစ်ဆင့် အကြံဉာဏ်နှင့် သဘောထားများ တင်ပြဆောင်ရွက်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရမည်။
- တိုင်းရင်းသား ပါတီအစုအဖွဲ့များအားလုံး စုပေါင်းကာ ဝန်ကြီးချုပ်အပါအဝင် နိုင်ငံတော်အစိုးရကို အကောင်းမြင်သော အပြုသဘောဆောင်သော ထိန်းကြောင်းမှုများ ပြုလုပ်ရမည်။

### (၁.၂.၆) နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး CBO/NGO အစုအဖွဲ့သို့အကြံပြုချက်

- ကရင်နီပြည်နယ်တွင်းရှိ အမျိုးသမီးများ နိုင်ငံရေးနှင့် ပတ်သက်သည့် အသိပညာများ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်သဘောတရားများ၊ လူ့အခွင့်အရေး၊ နိုင်ငံသား အခွင့်အရေးဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရန်အတွက် အသိပညာပေးမှုများကို ကျယ်ပြန့်စွာ လုပ်ဆောင်ပေး ရမည်။

- နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမို ပါဝင်လာနိုင်စေရေးအတွက် မိသားစုဝင်များ၊ ရပ်ရွာလူထုများ၏ အားပေးထောက်ခံမှု ရရှိစေရန် အမြင်ဖွင့်လုပ်ငန်းများ ပိုမို လုပ်ဆောင်ပေး ရမည်။
- ဘာသာရေး ခေါင်းဆောင်များ၊ မျိုးနွယ်စု ခေါင်းဆောင်များ၊ ရိုးရာဓလေ့ ထုံးတမ်းခေါင်းဆောင်များ၊ အမျိုးသားများအား အမျိုးသမီးများ၏ စွမ်းရည်ကို အသိအမှတ်ပြုရန်နှင့် အမျိုးသမီး အခွင့်အရေးကို အားပေး မြှင့်တင်ရန်အတွက် စည်းရုံးလှုံ့ဆော်ကာ အမြင်ဖွင့်ဆွေးနွေးပေး ရမည်။

### (၁.၂.၇) နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အလှူရှင် (Donor)အစုအဖွဲ့သို့ အကြံပြုချက်

- အလှူရှင်များသည် နိုင်ငံရေး အခြေအနေမှန်ကို သိရှိရန် ဒေသခံအဖွဲ့အစည်းများ မှတဆင့် ဆွေးနွေး တိုင်ပင်မှုပြုပြီးမှသာ ပံ့ပိုးကူညီမှုကို ပြုလုပ် ရမည်။
- နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမို ပါဝင်လာနိုင်ရေးအတွက် ဘတ်ဂျက်လျာထားချက်ရှိစေရန် အလှူရှင် များမှ မူဝါဒ ချမှတ် ရမည်။

## (၂) ကရင်နီပြည်နယ်၏ လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျား၊ မ တန်းတူညီမျှရေး ရှုထောင့်မှ အကြံပြုချက်

### (၂.၁) လူမှုရေးကဏ္ဍနှင့်ပတ်သက်ပြီး ကရင်နီပြည်နယ်မှ အမျိုးသမီးများ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ

ကရင်နီပြည်နယ်ရှိ ကျေးရွာများတွင် လူမှုရေးဝန်ဆောင်မှုများ (လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု ပြည့်ဝစွာ မရရှိခြင်း၊ စာသင်ကျောင်းများ လုံလောက်စွာ မရှိခြင်း၊ လျှပ်စစ်မီး မရရှိခြင်း စသဖြင့်) ပြည့်ဝစွာ မရရှိနေသေးသဖြင့် အမျိုးသမီး၊ ကလေးငယ်၊ သက်ကြီးရွယ်အိုများနှင့် ခြားနားသန်စွမ်းသူများတို့သည် အခက်အခဲများစွာ ကြုံတွေ့ရလျက် ရှိပါသည်။ အစိုးရဝန်ထမ်း အများစုမှာ ဒေသခံများမဟုတ်ခြင်း၊ တိုင်းရင်းသား ဘာသာစကား မတတ်ကျွမ်းခြင်းတို့ကြောင့် ဝန်ဆောင်မှုများကို ထိရောက်စွာ ပေးနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ဒေသခံပြည်သူများ ပိုမို ထိခိုက် နစ်နာရကြောင်း တွေ့ရှိ ရပါသည်။

ပဋိပက္ခဖြစ်ပွားရာ ဒေသရှိ ကျေးရွာများသည် အစိုးရ၏ စာရင်းတွင် အမည်ပေါက် မရှိနေသေးခြင်း၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်း နေထိုင်သူများသည် အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်နှင့် မွေးစာရင်းများ

ရရှိရန် အခက်အခဲများစွာ ကြုံတွေ့ရခြင်း၊ ဌာနေတိုင်းရင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း ကိစ္စရပ်များ ကြုံတွေ့နေရပါသည်။ ကရင်နီပြည်နယ်အတွင်းရှိ ကျင့်သုံးနေသော အချို့ ရိုးရာဓလေ့ထုံးတမ်းများသည် အမျိုးသမီးများ၏ အခွင့်အရေးကို ထိခိုက်နစ်နာစေသည့်အတွက် ခေတ်နှင့် လျော်ညီစွာ ပြုပြင်ရန် လိုအပ်ကြောင်းနှင့် သိရှိရန် လိုအပ်ကြောင်းကိုလည်း တွေ့ရှိနေရပါသည်။ မူးယစ်ဆေးဝါး ပြဿနာကြောင့် အမျိုးသမီးများ ပို၍ ထိခိုက်နစ်နာမှုများရှိနေခြင်း သည်လည်း အထူးသတိပြုရမည့် စိန်ခေါ်ချက်တစ်ခုပင် ဖြစ်ပါသည်။



## (၂.၂) သက်ဆိုင်ရာ အစုအဖွဲ့များအတွက် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကရင်နီအမျိုးသမီး များ၏ အကြံပြုချက်များ

### *(၂.၂.၁) လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရအစုအဖွဲ့သို့ အကြံပြုချက်*

- ကရင်နီပြည်နယ်အတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုအားလုံး၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်း များကို လေးစားအသိအမှတ်ပြုကာ နိုင်ငံ့ဖွံ့ဖြိုးရေးကိစ္စများတွင် အားလုံးပါဝင်ခွင့် ရှိစေရမည်။ သို့သော် စီဒေါစာချုပ်[2]ပါ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကိုက်ညီမှု မရှိသည့် အမျိုးသမီးများ ကို ဖိနှိပ်ခွဲခြားသည့် ဓလေ့ထုံးတမ်းများကို ပပျောက်အောင် အစိုးရမှ တာဝန်ယူ ဆောင်ရွက်ရ မည်။
- လက်ရှိ ကျင့်သုံးနေသော အမျိုးသမီးများကို ကာကွယ်ပေးသည့် ဥပဒေများအား ထိရောက်စွာ လက်တွေ့ အကောင်ထည် ဖော်နိုင်ရန် အစိုးရမှ တွန်းအားပေး လုပ်ဆောင်ရမည်။
- ပြည်နယ်အတွင်း နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံနေရသော အမျိုးသမီးများအတွက် တရားဥပဒေ စိုးမိုးရေး နှင့် တရားမျှတမှုရရှိရန်အတွက် တရားရုံးများတွင် အဂတိလိုက်စားမှုများကို ပပျောက် စေရန် တရားစီရင် စစ်ဆေးရေးကော်မီတီ ထားရှိပေး ရမည်။
- အစိုးရဘတ်ဂျက် ချမှတ်ရာတွင် ကျေးလက်မြို့ပြ မခွဲခြားပဲ လိုအပ်ချက်ရှိသည့် နေရာများ အတွက် လုံလောက်သော ဘတ်ဂျက်ရရှိစေရန် နှင့် ကျေးလက်ဒေသရှိ အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုံလောက်သော ဘတ်ဂျက်များ ချမှတ် ပေးရမည်။
- ပညာရေး၊ ကျန်းမာရေးနှင့် အစိုးရ ဌာနဆိုင်ရာဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာတွင် ထိရောက်သော ဝန်ဆောင်မှုကို ပေးနိုင်ရန်နှင့် ရေရှည် ဖွံ့ဖြိုးရေးကို အာမခံချက် ပေးနိုင်ရန် အတွက် ဒေသခံများ၊ တိုင်းရင်းသား ဘာသာစကား တတ်ကျွမ်းသူများကို ဦးစားပေးခန့် ထားရမည်။
- မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ထိရောက်စွာ ကိုင်တွယ် အရေးယူရမည်။
- ပဋိပက္ခဖြစ်ပွားရာ ဒေသရှိ ကျေးရွာများ၊ မြို့နယ်များ၏ ဖွံ့ဖြိုးရေးနှင့် ထိုဒေသများရှိ ပြည်သူများ အတွက် ပြန်လည် နေရာချထားရေးကို လုပ်ဆောင်ရာတွင် ပြည်သူများ၏ အသံ (အမျိုးသမီးများ ၏ အသံအပါအဝင်) ကို အလေးထားသော ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထူးစီမံချက်များဖြင့် အကောင်ထည်ဖော် ဆောင်ရွက်ရမည်။

[2]အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးနိုင်ငံတကာသဘောတူစာချုပ် (စီဒေါ)

- ပြန်လည် နေရာချထားရေးနှင့် ထူထောင် ဆောင်ရွက်ရာတွင် တရားဝင် ရွာအမည်ပေါက်ရေး၊ တရားဝင် စာရွက်စာတမ်းများ ရရှိရေး (အိမ်ထောင်စု၊ မွေးစာရင်း၊ မှတ်ပုံတင်၊ ထောက်ခံစာ စသဖြင့်) တို့ကို တိုင်းရင်းသား ဘာသာစကားသာ ပြောတတ်သောသူများလည်း အဆင်ပြေ ချောမွေ့စွာ ရရှိနိုင်စေရန် အထူးစီမံချက်များဖြင့် ဆောင်ရွက်ပေးရမည်။ မှတ်ပုံတင် ပြုလုပ်ရာတွင် အမျိုးသမီးများအား မှီခိုဟု သတ်မှတ်ခြင်းကို ပယ်ဖျက်ပေး ရမည်။

### *(၂.၂.၂) လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော်အစုအဖွဲ့သို့ အကြံပြုချက်*

- ကရင်နီပြည်နယ်တွင်းရှိ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် တပ်မတော်မှ ဒေသခံများ၏ အသံကို အလေးထားကာ ဆောင်ရွက်ပေး ရမည်။
- မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကိုလည်း တပ်မတော်မှ တင်းကျပ်စွာ စီစစ်အရေးယူ ဆောင်ရွက်ပေး ရမည်။ မူးယစ်ဆေးဝါး ရောင်းဝယ်သူများနှင့် ပတ်သက်သောသူများကို ပြင်းထန် ထိရောက်သော ပြစ်ဒဏ် ချမှတ် ရမည်။
- တပ်မတော်မှ ပဋိပက္ခ ဖြစ်ပွားရာ ဒေသရှိ အမျိုးသမီးများကိုဖြစ်စေ၊ အခြားဒေသခံ အမျိုးသမီးများကို ဖြစ်စေ အကြမ်းဖက်သည့် ကိစ္စရပ်များ မရှိစေရန် တင်းကျပ်သော စည်းမျဉ်းများ ချမှတ်ကာ လိုက်နာ ဆောင်ရွက်မှု ရှိစေရမည်။
- တပ်မတော်မှ ပြည်သူအပေါ် အပြစ်ကျူးလွန်မှုများရှိပါက ထိရောက်စွာ အပြစ်ပေး အရေးယူကာ အများပြည်သူအား ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက် ရမည်။

### *(၂.၂.၃) လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့သို့ အကြံပြုချက်*

- ကရင်နီပြည်နယ်တွင်းရှိ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် တိုင်းရင်းသား လက်နက်ကိုင်များမှ ဒေသခံများ၏ အသံကို အလေးထားကာ ဆောင်ရွက်ပေး ရမည်။
- တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များမှ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်မှု မရှိစေရန် အထက်မှ အောက်ခြေထိ တင်းကျပ်စွာ အရေးယူ ဆောင်ရွက်ပေး ရမည်။
- တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များမှ ပဋိပက္ခဖြစ်ပွားရာ ဒေသရှိ အမျိုးသမီးများကိုဖြစ်စေ အခြားဒေသခံ အမျိုးသမီးများကိုဖြစ်စေ အကြမ်းဖက်သည့် ကိစ္စရပ်များ မရှိစေရန် တင်းကျပ် သော စည်းမျဉ်းများ ချမှတ်ကာ လိုက်နာဆောင်ရွက်မှု ရှိစေရမည်။

- တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များမှ ပြည်သူအပေါ် အပြစ်ကျူးလွန်မှုများရှိပါက ထိရောက် စွာ အပြစ်ပေး အရေးယူကာ အများပြည်သူအား ပွင့်လင်းမြင်သာစွာ အသိပေး ဆောင်ရွက်ရ မည်။

### (၂.၂.၄) လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီးလွှတ်တော်အစုအဖွဲ့သို့အကြံပြုချက်

- ကရင်နီပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်သော ဘတ်ဂျက်များ ရရှိစေရန်အတွက် လွှတ်တော်မှ တင်ပြဆွေးနွေး တောင်းဆို ပေးရမည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်သော ဥပဒေများ ရေးဆွဲရာတွင် အမျိုးသမီးထု၏ အသံကို ပါဝင်အောင် ဆွေးနွေးမှုများ ပြုလုပ်ကာ အမျိုးသမီးများအပေါ် ကာကွယ်ပေးသော ဥပဒေများကို ရေးဆွဲရမည်။
- အမျိုးသမီးများနှင့် ပတ်သက်သော ဥပဒေမူကြမ်းများ၊ အကြမ်းဖက်မှုနှင့် ပတ်သက်သော ဥပဒေမူကြမ်းများကို ပြည်သူများထံ ချပြဆွေးနွေးနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားဖြင့် ဘာသာပြန်ပေးရမည်။
- အစိုးရဝန်ထမ်း အမျိုးသမီးများ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးဌာနဖက်မှ ဝန်ထမ်း အမျိုးသမီးများ မီးဖွားခွင့် (၆) လ ခံစားနေစဉ်အတွင်း ထိုဝန်ထမ်း၏ နေရာတွင် လစာဖြင့် မပျက်မကွက် အစားထိုး ခန့်ထားနိုင်ရေးအတွက် မူဝါဒကို ရေးဆွဲ ပြဌာန်းပေး ရမည်။
- မူးယစ်ဆေးဝါး၊ အရက်သေစာရောင်းဝယ်ရေးနှင့် သက်ဆိုင်သော လိုင်စင်များ ချပေးသည့် ဥပဒေကို ပြန်လည် စီစစ်ရန်နှင့် လိုအပ်ပါက တင်းကြပ်စွာ တားမြစ်ကာ ပယ်ဖျက်သည့် ဥပဒေပြဌာန်း ပေးရမည်။

### (၂.၂.၅) လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီအစုအဖွဲ့သို့ အကြံပြုချက်

- နိုင်ငံရေးပါတီများ စုပေါင်းကာ ကရင်နီပြည်နယ်၏ လိုအပ်ချက်များကို ဒေသခံအမျိုးသမီး၊ အမျိုးသားများ အားလုံးထံမှ စုစည်းကာ မိမိတို့ လွှတ်တော်အမတ်မှ တဆင့်အစိုးရထံသို့ တင်ပြ တောင်းဆိုရမည်။
- မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းများကို ထိရောက်စွာ အရေးယူနိုင်ရန် ပါတီတွင်း မူဝါဒများ ထုတ်ပြန်ပြီး နိုင်ငံတော်အစိုးရကို တွန်းအားပေး လုပ်ဆောင်ရမည်။
- ကရင်နီပြည်နယ်တွင်းရှိ မူးယစ်ဆေးဝါးပြဿနာများ၊ အရက်သေစာသောက်စားမှု ပြဿနာများ ကို ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် ပါတီများမှ လူငယ်များအတွက် အားကစား အပါအဝင်

အခြားအကျိုးရှိစေမည့် နည်းလမ်းများ၊ ပြန်လည်ထူထောင်ရေး စခန်းများကို တာဝန်ယူ ဆောင်ရွက်ပေး ရမည်။

### *(၂.၂.၆) လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး CBO/NGO အစုအဖွဲ့သို့ အကြံပြုချက်*

- ကရင်နီပြည်နယ်အတွက် လိုအပ်ချက်များကို ကျေးရွာရှိအမျိုးသား၊ အမျိုးသမီးများနှင့် ပူးပေါင်းကာ ရှာဖွေဖော်ထုတ်ပြီး သက်ဆိုင်ရာသို့ တိကျစွာ တင်ပြရမည်။
- အစိုးရ၏ ဝန်ဆောင်မှုများ ပိုမိုအားကောင်းလာစေရန် ဒေသခံများနှင့်အတူ စောင့်ကြည့် လေ့လာခြင်းများ ပြုလုပ်ကာ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာများ ရေးသားတင်ပြခြင်းများကို စနစ်တကျ ပြုလုပ်ရမည်။
- ဒေသတွင်းရှိ CBO/NGOများ အချင်းချင်း ညှိနှိုင်းတိုင်ပင်မှုများကို သေချာစွာ ပြုလုပ်ပြီးမှ လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင် ရမည်။
- ဖွံ့ဖြိုးရေးနှင့် လူမှုရေး လုပ်ငန်းများအတွက် ဝန်ထမ်းများကို ခန့်ထားရာတွင် ကျား - မ ခွဲခြားခြင်း မရှိပဲ ဒေသခံများကို ဦးစားပေး ခန့်ထား ရမည်။

### *(၂.၂.၇) လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အလှူရှင်(Donor)အစုအဖွဲ့သို့ အကြံပြုချက်*

- အလှူရှင်များမှ မိမိတို့ လုပ်ဆောင်ပေးလိုသော အရာကို ရှေ့တန်းတင် လုပ်ဆောင်ခြင်းထက် ဒေသ၏ အမှန်တကယ် လိုအပ်ချက်ကို ဦးစားပေး စဉ်းစားရမည်။
- အလှူရှင်များမှ အစိုးရနှင့် တိုက်ရိုက် ချိတ်ဆက် လုပ်ဆောင်သည့် အခါတွင် ဒေသရှိ အမျိုးသား၊ အမျိုးသမီးများ၏ အသံများကိုလည်း အလေးပေး ထည့်သွင်း စဉ်းစားလုပ်ဆောင် ရမည်။
- အလှူရှင်များသည် မိမိတို့ ပံ့ပိုးပေးသည့် အကူညီများ၏ သက်ရောက်မှု အကျိုးများကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ အကဲဖြတ် ရမည်။

## (၃) ကရင်နီပြည်နယ်၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျား - မ တန်းတူ ညီမျှရေး ရှုထောင့်မှ အကြံပြုချက်

### (၃.၁) စီးပွားရေးကဏ္ဍနှင့်ပတ်သက်ပြီးကရင်နီပြည်နယ်မှအမျိုးသမီးများတွေ့ကြုံနေရသည့်စိန်ခေါ်မှုများ

ကရင်နီပြည်နယ်အတွင်းရှိ နယ်စပ်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ဒေသခံ ပြည်သူများသည် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်များမှ ကောက်ခံသော အခွန် များကို ပေးဆောင်နေရသဖြင့် ဝန်ထုတ်ဝန်ပိုးများစွာ ဖြစ်နေပါသည်။ ဝါးတားဂိတ်များတွင် အခွန်များ ပေးဆောင်ရခြင်း၊ သွားလာရေး ခက်ခဲခြင်းများကြောင့် အမျိုးသမီးများတွင် ပို၍ စိန်ခေါ်မှုများ ကြုံတွေ့ နေရပါသည်။ ပဋိပက္ခ ဖြစ်ပွားရာ ဒေသရှိ ပြည်သူလူထုတို့အတွက် စီးပွားရေး အခွင့်အလမ်းမှ လွန်စွာ နည်းပါးနေပါသည်။ မိမိနေရပ်သို့ ပြန်ရောက်လာသော စစ်ဘေးရှောင် ပြည်သူများအတွက် တရားဝင် အလုပ်လုပ်ခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရန် လိုအပ်နေ ပါသည်။

### (၃.၂) သက်ဆိုင်ရာ အစုအဖွဲ့များအတွက် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကရင်နီ အမျိုးသမီးများ၏ အကြံပြုချက်များ

#### *(၃.၂.၁) စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရအစုအဖွဲ့သို့ အကြံပြုချက်*

- အစိုးရမှ ပြည်နယ်အတွင်းတွင် ကျား - မ ခွဲခြားခြင်းမရှိသော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ ဥပမာအမျိုးသား၊ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တိုးချဲ့ဖွင့်လှစ်ကာ သင်တန်းဆင်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီး ပေးထားရမည်။
- စနစ်ကျသော အခွန်ကောက်ခံမှု စနစ်ဖြစ်စေရန် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ ညှိနှိုင်းကာ အခွန်ကောက်ခံသည့်စနစ်၊ နှုန်းထားများ၊ မူဝါဒများကို ပြင်ဆင်ပေးရမည်။
- အခွန်စနစ်တွင် မုဆိုးမများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ အိမ်ထောင်မရှိသူများ၊ ဌာနေ တိုင်းရင်းသူ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များကို အခွန်နှုန်းထား လျော့ပေါ့ကောက်ခံသည့် စနစ်ထားရှိရမည်။
- အမျိုးသမီးများအတွက် လုံခြုံမှုရှိသောလုပ်ငန်းခွင်၊ အကြမ်းဖက်မှု ကင်းစင်သော လုပ်ငန်းခွင်ဖြစ်စေရန် အစိုးရမှ မူဝါဒများချမှတ်ကာ အကောင်ထည်ဖော် ဆောင်ရွက်ရမည်။
- ခြားနားသန်စွမ်းသူ အမျိုးသမီးများအတွက်လည်း လုံခြုံစိတ်ချရသည့် လုပ်ငန်း အခွင့်အလမ်း များကို ဖန်တီးပေးရမည်။

- အစိုးရမှချပေးသော ချေးငွေစနစ်များတွင် ကျား - မ ခွဲခြားခြင်း မရှိစေရန် ပြန်လည်ဆန်းစစ်ကာ ပြင်ဆင်ရမည်။ ဥပမာ အိမ်ထောင်ဦးစီးများသာ ငွေချေးခွင့် ရှိစေရမည်ဟူသော သတ်မှတ်ချက်များ။
- ဒေသတွင်းရှိ လယ်ယာလုပ်ငန်းခွင်အနီးတွင် ပြင်ပမှ လုပ်ငန်းရှင်များ သဲတူး၊ ကျောက်ထုခြင်းနှင့် အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပြုလုပ်ရာတွင် ဒေသခံမဟုတ်သည့် အလုပ်သမားများကြောင့် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ လယ်ယာလုပ်ငန်းခွင် အသွားအပြန်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့နေရခြင်း ကိစ္စရပ်များကို အစိုးရမှ စီးပွားရေးလုပ်ငန်းများခွင့်ပြုသည့်အခါတွင် လိုက်နာရမည့် စည်းကမ်းချက်များ ထုတ်ကာ အရေးယူ ဆောင်ရွက်ပေးရမည်။
- အမျိုးသမီးများကို လိင်အဖျော်ဖြေခံ သဘောမျိုးသက်ရောက်သည့် စီးပွားရေးကြော်ငြာများ၊ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍများကို ခွဲခြားသတ်မှတ်ထားသည့် ကြော်ငြာများကို ပပျောက်စေရန် နိုင်ငံတော်အစိုးရမှ ဦးဆောင်ကာ တာဝန်ယူ ဆောင်ရွက်ရမည်။

### *(၃.၂.၂) စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော်အစုအဖွဲ့သို့ အကြံပြုချက်*

- တပ်မတော်မှ မလျော်ဩဇာသုံးပြီး ပြည်သူလူထု အကျိုးစီးပွားကို ပျက်စီးစေမည့် စီးပွားရေးလုပ်ငန်းများကို အကောင်ထည်ဖော်ခြင်း (သို့) ထိုသို့သော စီးပွားရေးလုပ်ငန်းရှင်များကို ကာကွယ်ပေးခြင်းမျိုး မပြုလုပ်နိုင်စေရန်အတွက် မူဝါဒများ ချမှတ် ဆောင်ရွက်ရမည်။
- တပ်မတော်မှ ဒေသဖွံ့ဖြိုးရေးကို လုပ်ဆောင်ခြင်း၊ အခွန်ကောက်ခံခြင်း ကိစ္စရပ်များတွင် ဒေသခံ ပြည်သူလူထု၏ သဘောတူညီချက်ကို ရရှိပြီးမှ လုပ်ဆောင်ရမည်။

### *(၃.၂.၃) စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့သို့ ကြံပြုချက်*

- စနစ်ကျသော အခွန်ကောက်ခံမှု စနစ်ဖြစ်စေရန် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ ညှိနှိုင်းကာ အခွန်ကောက်ခံသည့်စနစ်၊ နှုန်းထားများ၊ မူဝါဒများကို ပြင်ဆင်ပေးရမည်။
- အခွန်စနစ်တွင် မုဆိုးမများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ အိမ်ထောင်မရှိသူများ၊ အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်များကို အခွန်နှုန်းထား လျော့ပေါ့ကောက်ခံသည့် စနစ်ထား ရှိရမည်။

- တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ အာဏာကို အသုံးပြုပြီး ပြည်သူလူထု အကျိုးစီးပွားကို ပျက်စီးစေမည့် စီးပွားလုပ်ငန်းမျိုးကို အကောင်ထည်ဖော်ခြင်း (သို့) ထိုသို့သော စီးပွားရေး လုပ်ငန်းရှင်များကို ကာကွယ်ပေးခြင်းမျိုး မပြုလုပ်နိုင်စေရန်အတွက် မူဝါဒများ ချမှတ် ဆောင်ရွက် ရမည်။

### (၃.၂.၄) *စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီးလွှတ်တော်အစုအဖွဲ့သို့အကြံပြုချက်*

- စနစ်ကျသော အခွန်ကောက်ခံမှု စနစ်ဖြစ်စေရန်နှင့် အမျိုးသမီးများအပေါ် သက်ညှာမှုရှိသော အခွန်ကောက်ခံမှုစနစ် ဖြစ်စေရန် အခွန်ကောက်ခံခြင်း၊ ခွဲဝေသုံးစွဲခြင်းနှင့် သက်ဆိုင်သော မူဝါဒကို ဒေသ၏ လိုအပ်ချက်နှင့် လျော်ညီစွာ ရေးဆွဲပြဌာန်းရမည်။ (ဥပမာ - အမျိုးသမီးများ မဖြစ်မနေ လိုအပ်သော အသုံးဆောင် ပစ္စည်းများ)
- ပဋိပက္ခ ဖြစ်ပွားသော ဒေသများနှင့် ဖွံ့ဖြိုးမှု နောက်ကျသော ဒေသများတွင် ဖြေလျော့မှုရှိသည့် စီးပွားရေးဆိုင်ရာ မူဝါဒကို ရေးဆွဲ ပြဌာန်းရမည်။ (ဥပမာ - ချေးငွေများကို အတိုးနှုန်း အနည်းငယ်ဖြင့် ချမှတ်ပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ ဌာနေတိုင်းရင်းသားများ ဦးစီးလုပ်ကိုင်နိုင်မည့် စီးပွားရေး လုပ်ငန်းဖုံ တည်ဆောက်ပေးခြင်း စသဖြင့်)
- စီးပွားရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို အချိန်နှင့်တပြေးညီ အသိပေးနိုင်မည့် စနစ်တခု ဖြစ်ပေါ်လာစေရန် လွှတ်တော်တွင် ဆွေးနွေးတင်ပြခြင်း ပြုလုပ်ရမည်။ ( ဥပမာ - လယ်ယာမြေဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ အလုပ်သမားဥပဒေ၊ အမျိုးသမီးများနှင့် ဆိုင်သောဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ အခွန်ကောက်ယူခြင်းနှင့် ပြန်လည် ခွဲဝေခြင်းဆိုင်ရာဥပဒေများ အကြောင်းကို ကျယ်ပြန့်စွာ အသိပေးနိုင်မည့် စနစ်တစ်ခု ပေါ်လာ စေရန်)
- အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များကို အားပေးမှု ပြုနိုင်သည့် မူဝါဒကို ရေးဆွဲပြဌာန်းရမည်။

### (၃.၂.၅) *စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီးနိုင်ငံရေးပါတီအစုအဖွဲ့သို့အကြံပြုချက်*

- နိုင်ငံရေးပါတီများမှ ဒေသတွင်းရှိ အရင်းအမြစ်များကို စီးပွားရေးဖြစ် အသုံးပြုရာတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဒေသခံများ၏ အကျိုးစီးပွားပျက်ပြားမှု အခြေအနေတို့ကို စောင့်ကြည့် လေ့လာကာ တည့်မတ်ပေး ရမည်။
- ကရင်နီပြည်နယ်အဆင့်တွင် ကုန်သွယ်ရေးအသင်း ထားရှိနိုင်ရန် လုပ်ဆောင်ပေးရမည်။

### (၃.၂.၆) *စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး CBO/NGO အစုအဖွဲ့သို့အကြံပြုချက်*

- ကရင်နီပြည်နယ်အဆင့် စီးပွားရေးလုပ်ငန်းများ၊ ဘဏ္ဍာသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်၊ ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ စောင့်ကြည့်လေ့လာနိုင်သော အဖွဲ့ဖွဲ့ကာ စောင့်ကြည့်ရမည်။
- အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းကို အခြေခံသာမက အသက်မွေးဝမ်းကြောင်း ပြန်လည် ပြုနိုင်သည်အထိ သင်တန်းပေးနိုင်အောင် စီစဉ်ပေးရမည်။
- အလုပ်လက်မဲ့ဖြစ်နေသော ပြဿနာများ ဖြေရှင်းပေးနိုင်ရန်အတွက် ဒေသခံ လူငယ် လူရွယ်များအား CBO/NGOများမှ မဟာဗျူဟာချမှတ်ကာ ကျား - မ ခွဲခြားခြင်း မရှိသော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

### (၃.၂.၇) *စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အလှူရှင်(Donor) အစိုးရအစုအဖွဲ့သို့ အကြံပြုချက်*

- အလှူရှင်များအနေဖြင့် အစိုးရ၏ စီမံကိန်းများကို ပံ့ပိုးရာတွင် ဒေသခံ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးစီးပွားဖြစ်ထွန်းစေသော စီမံကိန်းများကိုသာ ပံ့ပိုး ရွေးချယ်ရမည်။
- ပြည်နယ်အတွင်းရှိ အရင်းအမြစ်များ ဥပမာ - သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်၊ ကျား - မ ခွဲခြားခြင်းမရှိရန် သတ်မှတ်ချက်များနှင့် ကိုယ်ကျိုးရှာ အမြတ်ထုတ်မည့် စီးပွားရေးစီမံကိန်းများကို လုံးဝ ပံ့ပိုးကူညီခြင်းမပြုရန် အလှူရှင်များ စည်းကမ်းသတ်မှတ်ချက် ထုတ်ပြန် ထားရမည်။

## (၄) ကရင်နီပြည်နယ်၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ အကြံပြုချက်

### (၄.၁) လုံခြုံရေးကဏ္ဍနှင့် ပတ်သက်ပြီး ကရင်နီပြည်နယ်မှ အမျိုးသမီးများတွေ့ကြုံနေရသည့်စိန်ခေါ်မှုများ

ကရင်နီပြည်နယ်ခံ ပြည်သူလူထုများသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များအား စစ်သည်တော်ကျင့်ဝတ်ကို လိုက်နာလေးစားသော အစုအဖွဲ့များ ဖြစ်ကြစေရန် လိုလားလျက်ရှိကြသည်။ အချို့သော လက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် ဒေသခံများ အထူးသဖြင့် အမျိုးသမီးများကို အကြမ်းဖက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းတို့ကို ကျူးလွန်လျက် ရှိသောကြောင့် အမျိုးသမီးများလုံခြုံရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများစွာ ရှိနေသည်ကို တွေ့ရှိရသည်။

အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် ပတ်သက်ပြီး တိုင်တန်းရာတွင် ကူညီပေးမည့် ရဲမေများနည်းပါးနေခြင်းသည်လည်း အမျိုးသမီးများအတွက် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်ပေါ်စေပါသည်။

ယခင်က လုံခြုံရေးကဏ္ဍကို အကြောင်းပြုကာ အသက်မပြည့်သေးသော ကလေးသူငယ်များကိုလည်း တပ်သားစုဆောင်းရေးအတွက် အတင်းအဓမ္မခေါ်ဆောင်ခြင်း၊ ဒေသခံများအား လက်နက်များကို သယ်ဆောင်ရန်အတွက် အတင်းအဓမ္မခေါ်ယူခြင်း၊ ငွေကြေးကောက်ခံခြင်းများကြောင့် ဒေသခံများ၏ လူသားလုံခြုံရေး ပြဿနာများ ကြုံတွေ့ နေရပါသည်။

လက်နက်ကိုင်များမှ မူးယစ်ဆေးဝါး ရောင်းဝယ်ရေးတွင် ပါဝင် ပတ်သက်နေပါသဖြင့် နောက်ဆက်တွဲ မူးယစ်ဆေးပြဿနာများကြောင့် အမျိုးသမီးများ လုံခြုံရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများစွာ ကြုံတွေ့နေရပါသည်။

### (၄.၂) သက်ဆိုင်ရာ အစုအဖွဲ့များအတွက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကရင်နီအမျိုးသမီးများ၏ အကြံပြုချက်များ

#### *(၄.၂.၁) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရအစုအဖွဲ့သို့ အကြံပြုချက်*

- အစိုးရမှ နိုင်ငံတော်လုံခြုံရေးကဏ္ဍနှင့် ပတ်သက်ပြီး လူသားလုံခြုံရေးဗဟိုပြုသည့် နယ်ပယ် ၇ ရပ် ဖြစ်သော စီးပွားရေးလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှု၊ ပတ်ဝန်းကျင်လုံခြုံမှု၊ လူပုဂ္ဂိုလ်လုံခြုံမှု၊ အဖွဲ့အစည်းဆိုင်ရာလုံခြုံမှု၊ နိုင်ငံရေးလုံခြုံမှုကိုပါ ထည့်သွင်းစဉ်းစားကာ ကဏ္ဍစုံမှ ဖြည့်ဆည်း တည်ဆောက်သွားရမည်။

- ပဋိပက္ခဖြစ်ပွားရာ အချိန်တွင်ဖြစ်စေ သာမာန်အချိန်တွင်ဖြစ်စေ နစ်ဖက်လက်နက်ကိုင်များမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ထိရောက်စွာ အရေးယူအပြစ်ပေးခြင်းဖြင့် အမျိုးသမီးများကို အကာအကွယ် ပေးရမည်။
- ဥပဒေပြဌာန်းခြင်းနှင့် ဆုံးဖြတ်ချက်ချသည့် ကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်မှုပိုမို တိုးမြှင့်စေရန် ဆောင်ရွက်ပေးရမည်။
- ရဲတပ်ဖွဲ့အပါအဝင် လုံခြုံရေးကဏ္ဍတွင် အမျိုးသမီးများကို ပိုမိုခန့်ထားပေးရမည်။ ထိုအမျိုးသမီး ဝန်ထမ်းများအတွက် လိုအပ်ချက်များကိုလည်း စီဒေါစာချုပ်ပါ ယာယီ အထူးလုပ်ဆောင်ချက် များ ပြဌာန်းကာ ဖြည့်ဆည်းပေးရမည်။ (လုံခြုံရေးကဏ္ဍရှိ အမျိုးသမီးများ၏ လုံခြုံရေးအတွက် ဝန်ထမ်းအိမ်ယာစီစဉ်ပေးခြင်း၊ နယ်ဝေးအတွက် မိသားစုအတူ လိုက်ပါခွင့်ပြုခြင်း စသဖြင့်)

### *(၄.၂.၂) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော်အစုအဖွဲ့သို့ အကြံပြုချက်*

- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးများအတွက် နိုင်ငံတကာစံနှုန်းများကို အလေးထား လိုက်နာမှု ရှိရမည်။
- မလိုအပ်ပါဘဲနှင့် လက်နက်များ ကိုင်ဆောင်ကာ ပြည်သူများအကြားတွင် သွားလာခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန်၊
- စစ်သည်တော်ကျင့်ဝတ်ကို လေးစားလိုက်နာမှုရှိစေရန် တပ်မတော်မှ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲ ပေးရမည်။ ဖောက်ဖျက်မှုရှိသူများကိုလည်း ထိရောက်စွာ အရေးယူမှု ပြုလုပ်ပေးရမည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းများ မပြုလုပ်စေရန်နှင့် ပြုလုပ်ပါက ထိရောက်စွာ အရေးယူမှု ပြုလုပ်ပေးရမည်။
- ကရင်နီပြည်နယ်အတွင်းရှိ ကျေးရွာအနီး မလိုလားအပ်သော စစ်စခန်းများကို ရုပ်သိမ်းပေး ရမည်။




### (၄.၂.၃) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့သို့ အကြံပြုချက်

- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးများအတွက် နိုင်ငံတကာစံနှုန်းများကို အလေးထား လိုက်နာမှုရှိရမည်။
- မလိုအပ်ပါဘဲနှင့် လက်နက်များ ကိုင်ဆောင်ကာ ပြည်သူများအကြားတွင် သွားလာခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန်၊ စစ်သည်တော်ကျင့်ဝတ်ကို လေးစားလိုက်နာမှု ရှိစေရန် တပ်မတော်မှ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲပေးရမည်။ ဖောက်ဖျက်မှုရှိသူများကိုလည်း ထိရောက်စွာ အရေးယူမှု ပြုလုပ်ပေးရမည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းများ မပြုလုပ်စေရန်နှင့် ပြုလုပ်ပါက ထိရောက်စွာ အရေးယူမှု ပြုလုပ်ပေးရမည်။

### (၄.၂.၄) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး လွှတ်တော်အစုအဖွဲ့သို့ အကြံပြုချက်

- ကရင်နီပြည်နယ်ရှိ အမျိုးသမီးများ၏ လုံခြုံမှုကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန်အတွက် ကျေးလက်ဒေသအဆင့် မြို့နယ်အဆင့်အလိုက် အမျိုးသမီးများ၏ ဆန္ဒသဘောထား တင်ပြတောင်းဆိုမှုအပေါ် အခြေခံပြီး ကရင်နီပြည်နယ် အမျိုးသမီးများကို ကာကွယ်ပေးသည့် ဥပဒေတစ်ရပ်ရေးဆွဲ ပြဌာန်းနိုင်မည့် မူဝါဒ ချမှတ်ရမည်။
- တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များ ဒေသခံလူထုအပေါ် အကြမ်းဖက်မှုများ မပြုလုပ်နိုင်စေရန် မူဝါဒများ ချမှတ်ကာ လွှတ်တော်မှ ထိန်းညှိပေးရမည်။
- စစ်မှုထမ်းဥပဒေကို ပြဌာန်းရာတွင် အမျိုးသမီးများကို မဖြစ်မနေ စစ်မှုထမ်းရမည်ဟု ပြဌာန်းခြင်းထက် အမျိုးသမီးများ၏ ဆန္ဒကိုရှိမှသာ စစ်မှုထမ်းရမည်ဟု ပြဌာန်းပေးရမည်။

### (၄.၂.၅) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံရေး ပါတီအစုအဖွဲ့သို့ အကြံပြုချက်

- နိုင်ငံရေးပါတီအစုအဖွဲ့များက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို စောင့်ကြည့်လေ့လာသည့် အဖွဲ့များဖွဲ့စည်းကာ ဒေသခံ အရပ်သားများ၏ ထိခိုက်နစ်နာ ဆုံးရှုံးမှုများအား တာဝန်ယူကြီးကြပ်ပြီး အစိုးရနှင့် လွှတ်တော်သို့ တင်ပြရမည်။
- ပြည်နယ်တွင်းမှ နိုင်ငံရေးပါတီများ ငြိမ်းချမ်းရေးနှင့် အပစ်ခတ်ရပ်စဲရေးကိစ္စရပ်များကို ကူညီဖော်ဆောင်ရမည်။
- အသွင်ကူးပြောင်းရေး ကာလတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် လူ့အခွင့်အရေး ချိုးဖောက်မှုများအား တရားမျှတမှုရရှိရန် ဆောင်ရွက်သွားရမည်။

### (၄.၂.၆) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး CBO/NGO အစုအဖွဲ့သို့ အကြံပြုချက်

- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အသိပညာပေးများ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်သည့် ပညာပေးများအား ဒေသတွင်းရှိ ပြည်သူများနှင့် တာဝန်ရှိသူများ အားလုံးသိစေရန် ပညာပေး အစီစဉ် ပြုလုပ်ပေးရမည်။
- လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး (Security Sector Reform)နှင့် လက်နက်ဖြုတ်သိမ်းရေး၊ စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်းနှင့် အရပ်သားများအဖြစ် ပြန်လည်ပေါင်းစည်းရေး (Disarmament demobilization and reintegration) အသိပညာပေးအား အများပြည်သူနားလည်နိုင်စေရန် ပညာပေးအစီစဉ်များ ပြုလုပ်ပေးရမည်။

- ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို စောင့်ကြည့်လေ့လာသည့် အဖွဲ့များဖွဲ့စည်းကာ ဒေသခံအရပ်သားများ၏ ထိခိုက်နစ်နာ ဆုံးရှုံးမှုများအား သက်ဆိုင်ရာအစုအဖွဲ့များ သိစေရန် တင်ပြရမည်။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ ပါဝင်မှုမြင့်တက်လာစေရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ရမည်။
- အမျိုးသမီးများ၏ လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့အား ထိပါးချိုးဖောက်သည့် ကိစ္စရပ်များအား တရားမျှတစွာ ကူညီမှုပေးနိုင်ရန် ကျေးရွာအဆင့်၊ မြို့နယ်အဆင့် ဆက်သွယ်ရမည့် အစုအဖွဲ့ ဖွဲ့စည်းကာ ကူညီဆောင်ရွက် ပေးရမည်။

### *(၄.၂.၇) လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီးအလှူရှင်(Donor) အစိုးရအစုအဖွဲ့သို့ အကြံပြုချက်*

- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍများတွင် နိုင်ငံတကာစံနှုန်းများကို လိုက်နာမှု ရှိစေရန် အစိုးရ အပါအဝင် သက်ဆိုင်ရာ အဓိကတာဝန်ရှိသည့် အစုအဖွဲ့အားလုံးကို တိုက်တွန်း ပေးရမည်။
- နိုင်ငံတော်၏ အသုံးစားရိတ်တွင် စစ်ဖက်ဆိုင်ရာ အသုံးစားရိတ်ကို ပိုမိုသုံးစွဲနေခြင်း ကိစ္စရပ်များကို ထောက်ပြကာ အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးရန် အလှူရှင်များမှ တွန်းအား ပေးရမည်။

## (၅) ကရင်နီပြည်နယ်၏ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ ကိစ္စရပ်များအတွက် ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ အကြံပြုချက်

### (၅.၁) မြေယာနှင့် သဘာဝသယံဇာတကဏ္ဍနှင့် ပတ်သက်ပြီး ကရင်နီပြည်နယ်မှ အမျိုးသမီးများ တွေ့ကြုံ နေရသည့် စိန်ခေါ်မှုများ

ကရင်နီပြည်နယ်တွင်း ကျင့်သုံးနေသော ဓလေ့ထုံးတမ်းများအရ အမျိုးသမီးများ လယ်ယာမြေ ဆက်ခံပိုင်ခွင့်မရှိသည့် စိန်ခေါ်မှုကို တွေ့ကြုံနေရသည်။ ထို့အပြင် ဥပဒေအရ လယ်ယာမြေ အမည်ပေါက် ပြုလုပ်ရာတွင် အိမ်ထောင်ဦးစီး၏ အမည်ဖြင့်သာ ပြုလုပ်ပေးရာ အမျိုးသားများသာလျှင် အမည်ပေါက် ပိုင်ဆိုင်ခွင့် ရှိနေခြင်းကိုလည်း ကြုံတွေ့နေကြရသည်။ ကရင်နီပြည်နယ်အတွင်း လယ်ယာမြေများကို ဥပဒေမဲ့ သိမ်းဆည်းခြင်းများကြောင့် ပြည်သူလူထု အထူးသဖြင့်

အမျိုးသမီးထုများမှာ များစွာ နစ်နာမှုများ ကြုံတွေ့နေကြရပါသည်။ ကျေးလက်ဒေသရှိ အမျိုးသမီးများသည် လယ်ယာမြေဥပဒေနှင့် ပတ်သက်သည့် အသိပညာ နည်းပါးနေကြောင်း တွေ့ရှိရသည်။

## (၅.၂) သက်ဆိုင်ရာ အစုအဖွဲ့များအတွက် မြေယာနှင့် သဘာဝသယံဇာတကိစ္စရပ်များနှင့် ပတ်သက်ပြီး ကရင်နီအမျိုးသမီးများ၏အကြံပြုချက်များ

### *(၅.၂.၁) မြေယာနှင့်သဘာဝသယံဇာတကိစ္စရပ်များနှင့်ပတ်သက်ပြီးအစိုးရအစုအဖွဲ့သို့အကြံပြုချက်*

- မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေရေးဆိုင်ရာ ကိစ္စရပ်များတွင် ဒေသထုံးတမ်း ဓလေ့နှင့် ညှိနှိုင်းကာ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား ဓလေ့ထုံးစံအရ ခွဲခြားနိမ်ချမှုများ ပပျောက်အောင် လုပ်ဆောင်ပေးရမည်။
- ဥပဒေမဲ့ မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန်တွက် အစိုးရ၊ တပ်မတော်နှင့် လက်နက်ကိုင် အဖွဲ့အစည်းများမှ ညှိနှိုင်းကာ ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်ပေးရမည်။
- လယ်ယာမြေသိမ်းဆည်းခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ နစ်နာကြေးများ ပြန်လည်ပေးသည့် အခါတွင် အမျိုးသမီးများ နစ်နာမှုမရှိရအောင် သေချာစီစစ်ကာ ဆောင်ရွက် ပေးရမည်။
- လယ်ယာမြေ စီမံခန့်ခွဲရေးတွင် အမျိုးသမီးများ ပိုမို ပါဝင်လာနိုင်စေရေးအတွက် အကောင်ထည်ဖော် ဆောင်ရွက်ပေးရမည်။
- မြေယာနှင့်ပတ်သက်သော ဥပဒေများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများတွင် အမျိုးသမီးများကို ပါဝင်ခွင့်ပေးကာကျား - မ တန်းတူညီမျှရေးရှုထောင့်မှ ပါဝင်အောင် ဆောင်ရွက်ပေးရမည်။
- လက်ရှိကျင့်သုံးနေသော စနစ်များကို ပြန်လည်ဆန်းစစ်ကာ ဥပဒေအရ လယ်ယာမြေ အမည်ပေါက် ပေးသောအခါတွင် အမျိုးသား၏အမည်ဖြင့်သာ ထုတ်ပေးသည့်စနစ်ကို ပြင်ဆင် ရမည်။

### *(၅.၂.၂) မြေယာနှင့်သဘာဝသယံဇာတ ကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော်အစုအဖွဲ့သို့ အကြံပြုချက်*

- ဥပဒေမဲ့မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန်တွက် အစိုးရ၊ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ညှိနှိုင်းကာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ် ပေးရမည်။
- တပ်မတော်နှင့် တပ်မတော်ဆက်စပ် အသိုင်းအဝိုင်းမှ တရားဥပဒေမဲ့ သိမ်းဆည်းထားသော မြေယာများ ကို ဒေသခံ ပြည်သူလူထုများထံ ပြန်လည်အပ်နှံရမည်။

- တပ်မတော်မှ မြေယာအသုံးပြုရာတွင် လိုအပ်သလောက်သာ အသုံးပြုပြီး အပိုမြေများကို ပြည်သူလူထု ထံသို့ ပြန်လည် အပ်နှံရမည်။ လျော်ကြေးများကိုလည်း မျှတစွာ ပေးအပ်ရမည်။

### *(၅.၂.၃) မြေယာနှင့် သဘာဝသယံဇာတကိစ္စရပ်များနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့သို့ အကြံပြုချက်*

- ဥပဒေမဲ့ မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန်တွက် အစိုးရ၊ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ညှိနှိုင်းကာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်ပေးရမည်။
- တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ အာဏာကိုသုံးကာ တရားဥပဒေမဲ့သိမ်းဆည်း ထားသော မြေယာများကို ဒေသခံပြည်သူလူထုများထံ ပြန်လည်အပ်နှံ ရမည်။
- မြေယာနှင့်ပတ်သက်ပြီး နစ်နာကြေးများကို စနစ်တကျ ပြန်လည်ပေးအပ်ရန်နှင့် မြေယာ၊ သဘာဝ သယံဇာတများနှင့် ပတ်သက်ပြီး ပြည်သူလူထုမှ မကျေနပ်ချက်များကို တိုင်ကြားနိုင်သော အခွင့်အရေးကို ဖော်ဆောင်ပေးရမည်။

### *(၅.၂.၄) မြေယာနှင့်သဘာဝသယံဇာတကိစ္စရပ်များနှင့်ပတ်သက်ပြီးလွှတ်တော်အစုအဖွဲ့သို့အကြံပြုချက်*

- ခေတ်နှင့်လျော်ညီမှုရှိသော ကျား - မ တန်းတူရေးကို ထည့်သွင်းစဉ်းစားသော လယ်ယာမြေ စီမံခန့်ခွဲရေး မူဝါဒများကို ရေးဆွဲ သတ်မှတ်ပေးရမည်။
- မြေယာနှင့်သဘာဝသယံဇာတနှင့် ပတ်သက်သည့် မူဝါဒများ ရေးဆွဲရာတွင် ဒေသခံ အမျိုးသမီးများ၏အသံ ပါဝင်အောင် ဆွေးနွေးမှုများ ပြုလုပ်ရမည်။
- ဒေသတွင်း သဘာဝသယံဇာတများကို ကိုယ်ကျိုးအတွက် အမြတ်ထုတ်နေသည့် ကိစ္စများကို ကိုင်တွယ် ဖြေရှင်းပေးရမည်။
- မြေယာနှင့်သဘာဝသယံဇာတနှင့် ပတ်သက်သော ပြဿနာများကို ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းပေးရမည်။

### *(၅.၂.၅)မြေယာနှင့်သဘာဝသယံဇာတကိစ္စရပ်များနှင့်ပတ်သက်ပြီးနိုင်ငံရေးပါတီအစုအဖွဲ့သို့အကြံပြုချက်*

- ဒေသတွင်းပြည်သူများ ကြုံတွေ့နေရသော လယ်ယာမြေနှင့်ပတ်သက်သော အရေးကိစ္စများ၊ ပြဿနာများကို နိုင်ငံရေးပါတီများမှတဆင့် လွှတ်တော်အမတ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ သိစေရန် တာဝန်ယူ ဆောင်ရွက်ပေးရမည်။
- မိမိတို့၏ ပါတီဝင်များ၊ ဒေသခံပြည်သူလူထုများကို မြေယာနှင့် သဘာဝသယံဇာတနှင့် ပတ်သက်သည့် ဥပဒေများ၊ အသိပညာများကို ဖြန့်ဝေပေးရမည်။

### *(၅.၂.၆) မြေယာနှင့်သဘာဝသယံဇာတကိစ္စရပ်များနှင့်ပတ်သက်ပြီးCSO/NGO အစုအဖွဲ့သို့အကြံပြုချက်*

- မြေယာနှင့်သဘာဝသယံဇာတနှင့် ပတ်သက်သည့် ဥပဒေများကို ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ သုံးသပ်နိုင်ရန် ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။
- ဒေသခံ ပြည်သူလူထုများကို မြေယာနှင့်သဘာဝသယံဇာတနှင့် ပတ်သက်သည့် ဥပဒေများ၊ အသိပညာများကို ဖြန့်ဝေပေးရမည်။
- သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက် သည့်အသိပညာများ၊ လိုက်နာရမည့်ဥပဒေများ၊ နိုင်ငံတကာစံနှုန်းများကို ပြည်သူလူထုများ သိအောင်၊ အထူးသဖြင့် အမျိုးသမီးနှင့် လူငယ်၊ လူရွယ်များသိအောင် အကောင်ထည်ဖော် ဆောင်ရွက်ရမည်။
- မြေယာနှင့်သဘာဝသယံဇာတနှင့် ပတ်သက်သည့် ဥပဒေများကို ရေးဆွဲရာတွင် အမျိုးသမီးများ၏ အသံပါဝင်အောင် စည်းရုံးလှုံ့ဆော် ပေးရမည်။

### *(၅.၂.၇) မြေယာနှင့် သဘာဝသယံဇာတ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အလှူရှင် (Donor) အစိုးရ အစုအဖွဲ့သို့ အကြံပြုချက်*

- မြေယာနှင့်သဘာဝသယံဇာတနှင့် ပတ်သက်သည့် စီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကျား - မ တန်းတူညီမျှရေး ရှုထောင့်မှ ပါဝင်နိုင်အောင် အလှူရှင်များက တွန်းအားပေး ဆောင်ရွက် ရမည်။
- သဘာဝသယံဇာတ ခွဲဝေသုံးစွဲခြင်းနှင့် ပတ်သက်ပြီး ကျင့်ဝတ်ရှိသော ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် တရားမျှတမှုရှိစေရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်နာမှုရှိအောင် အလှူရှင်များက တွန်းအားပေးဆောင်ရွက် သွားရမည်။